# Kachin Development Networking Group

Jinghpaw Wunpawng Bawngring Mahkri Shawn Hpung

www.kdng.org, Email: kdngchn@gmail.com, Phone: 09-401538249, 09-894411422


## ၂.၇.၂၀၂၀ ခုနှစ်။ ကချင်ပြည်နယ်၊ ဖားကန့်၊ ဝေ့ခါကျောက်စိမ်းမော်တွင်ဖြစ်ပွားခဲ့သော မြေပြိုကျမှုနှင့်ပတ်သက်ပြီး သဘောထားထုတ်ပြန်ချက်

၄.၇.၂၀၂၀

၂. ၇. ၂၀၂၀ ခုနှစ် ကချင်ပြည်နယ် ဖားကန့်၊ ဝေ့ခါကျောက်စိမ်းမော်တွင် မြေပြိုကျခြင်းကြောင့် ကျောက်စိမ်းရှာဖွေသူ အယောက်(၂၀၀)ကျော်ခန့် အသက်ဆုံးရှုံးပြီး အယောက်(၅၀)ခန့် ထိခိုက်ဒဏ်ရာရရှိသည့်အတွက် ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ - KDNG မှ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းပါသည်။

ထိုမြေပြိုကျခြင်းကြောင့် အသက်ဆုံးရှုံးသူအများစုမှာ လူငယ်နှင့်ကျောင်းသားများ ပါဝင်နေသည်ကို သိရသည့်အတွက် တိုင်းပြည်၏ ဆုံးရှုံးမှုကြီးလည်းဖြစ်ပါသည်။ ဤကဲ့သိုသော သေဆုံးမှု ဖြစ်ရပ်များသည် နှစ်စဉ်နှစ်တိုင်းဖြစ်ပေါ်လျက်ရှိပြီး၊ ယခုဖြစ်ရပ်သည် အကြီးမားဆုံးတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အခြေခံလူတန်းစားများအလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် မိသားစုစားဝတ်နေရေးအခက်အခဲ ကျော်လွှားနိုင်ရန် ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းမော်သို့ မျှော်လင့်ချက်ကြီးစွာဖြင့် အသက်ဘေးအန္တရာယ်ကို မမှုဘဲ ရေမဆေးကျောက်ရှာဖွေနေကြသည်ကိုတွေ့ရသည်။

ယခုလိုဖားကန့်ကျောက်စိမ်းမော်အတွင်း ရင်နှစ်ဖွယ်ကိစ္စများဖြစ်ပွားရခြင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပဲ လူတွေဖန်တီးထားသောဘေးအန္တရာယ် (Human made disaster) ကြောင့်သာဖြစ်ရခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း၌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ကို ဗဟိုအစိုးရ၏ မှားယွင်းသော စီမံခန့်ခွဲအုပ်ချုပ်မှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲပြဿနာများဖြစ်သည်။

**အကြံပြုချက်**

- ယခုကဲ့သို့သောရင်နှစ်ဖွယ်ကိစ္စရပ်များဖြစ်ရခြင်းသည် သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း ဟုပြောနေမည့်အစား ပြည်ထောင်စုအစိုးရနှင့် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၊ ၎င်းတို့နှင့်ဆက်စပ်သော သူများ၏ တာဝန်ဖြစ်၍ တာဝန်ယူမှုအပြည့်ရှိရမည်။

- ကချင်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသော အကြီးစားစက်ယန္တရားများအသုံးပြုခြင်းနှင့် အလွန်အကျွံမိုင်းဖောက်ခွဲအသုံးပြု၍ သယံဇာတတူးဖော်ခြင်းကို လုံးဝရပ်ဆိုင်းရမည်။

- ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်ကိုက်ညီသော ဗဟိုထိန်းချုပ်မှုကိုလျှော့ချပြီးဒေသခံများကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့် ပိုင်ဆိုင်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှု၊ အခွန်ဘဏ္ဍာခွဲဝေမှု မူဝါဒများကိုချမှတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းပြီး ကချင်ပြည်နယ်အတွင်းလက်တွေ့အကောင်အထည်ဖော်ရန်။

- ယခုကဲ့သို့သော ပြဿနာများကို မဖြေရှင်းဘဲ လျစ်လျူရှုထားပါက နောက်နောင်တွင် မလိုလားအပ်သော လူမှုရေးပြဿနာများ၊ နိုင်ငံရေးပြဿနာများနှင့် ပဋိပက္ခများ ထပ်မံပေါ်ပေါက်လာမည်ကို စိုးရိမ်ပါသည်။

**ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ - KDNG**